ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၅၆)

နေ့စွဲ – ၅. ၁၂. ၁၀

## ဆင့်ကဲဖြစ်ပေါ်မှုဝါဒအကြောင်း (Evolutionism)

တခါတရံ လူအများက ဒါဝင်နောက်လိုက်များ (သို့) ထိုသို့သောသူများ၏ သွန်သင်ချက်ဖြစ်သော ဆင့်ကဲဖြစ်ပေါ်မှုဝါဒ သီအိုရီသည်၊ သိပ္ပံနည်းကျသည်ဟု ထင်နေကြပါသည်၊ ထို့ကြောင့် ကျမ်းစာက သင်ပေးသော ဖန်ဆင်းခြင်းအကြောင်းနှင့် ထိုဝါဒ၏ပြောပြမှု ဆန့်ကျင်ဖက်ဖြစ်သောအခါ ဆင့်ကဲဖြစ်ပေါ်မှုဝါဒသာမှန်သည်ဟု ယူဆလေ့ရှိကြသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် အချက်အလက်စနစ်ကျသည်၊ ဖန်ဆင်းခြင်းအကြောင်းမှာ ဘာသာရေးအရ ယုံကြည်မှုတခုမျှသာဟု ပြောကြလေ့ရှိပါသည်။ ထိုသို့ပြောခြင်းသည် လိမ်ညာခြင်းဖြစ်ပါသည်။

ဆင့်ကဲဖြစ်ပေါ်မှုဝါဒ၏ အခြေခံအကျဆုံးအကြောင်းတရားသည် စနစ်ကျသောအချက်အလက်တို့ မဟုတ်ပါ၊ ယုံကြည်ချက်တခုသာ ဖြစ်ပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ဘာသာရေးတခုကဲ့သို့ ယုံကြည်ချက်တခုမျှသာ ဖြစ်ပါသည်။ ကျမ်းစာက အရာခပ်သိမ်းတို့၏အစကို ပြောပြသလို၊ ဆင့်ကဲဖြစ်ပေါ်မှုဝါဒကလည်း အရာခပ်သိမ်း၏အစကို ပြောပြပါသည်။ အမှန်အတိုင်းပြောရလျှင် ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ဘုရားသခင်မပါဘဲ အရာခပ်သိမ်း၏အစကို ရှင်းပြချင်သော လူတစု၏ ဘာသာရေးတမျိုး ဖြစ်ပါသည်။ ထိုသူတို့က ဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ်မှ၎င်း၊ အရာခပ်သိမ်းကို ဖန်ဆင်းပြီးဆက်လက်စောင့်ရှောက်သောဘုရားအဖြစ်မှ၎င်း မောင်းထုတ်ချင်ကြပါသည်။

ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုဝါဒကို အမှန်အတိုင်းပြောရလျှင်၊ ဘုရားမဲ့ဝါဒ ဖြစ်ပါသည်။ ဘုရားသခင်တည်ရှိမှုကို ငြင်းဆိုသောဘာသာရေး၊ မိမိဖန်ဆင်းသောနေရာတွင် ဘုရားသခင်ကို နေရာမပေးချင်သော ဘာသာရေးတခု ဖြစ်ပါသည်။ ၎င်းဝါဒသည် မယုံကြည်သူတယောက်က ဘုရားမပါဘဲ အရာခပ်သိမ်း၏အစကို ရှင်းပြနိုင်ဖို့ ကြိုးပမ်းချက်တရပ်ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာနှင့် သိပ္ပံပညာဟု မှားယွင်းစွာခေါ်နေကြသော ဆင့်ကဲဖြစ်ပေါ်မှုဝါဒ၏ သင်ပေးမှုတို့ကို ရောနှော၍ မဖြစ်နိုင်ပါ (၁တိ ၆း၂၀ - O Timothy, keep that which is committed to thy trust, avoiding profane *and* vain babblings, and oppositions of science falsely so called: [KJV])။

ဆင့်ကဲဖြစ်ပေါ်မှုဝါဒ၏ "အချက်အလက်"ဟု ခေါ်သောအရာတခုကို ဥပမာပြပါမည်၊ အချက်အလက်လည်း မဟုတ်သလို၊ သိပ္ပံနည်းကျစွာသက်သေပြထားခြင်းလည်း မဟုတ်ကြောင်း တွေ့ရပါမည်၊ ၎င်းမှာ "တပြေးတညီတည်းရှိခြင်းဝါဒ"၏ဥပဒေသ(the principle of uniformitarianism)ဖြစ်ပါသည်၊ ထိုဥပဒေသက ပြောချင်သည်မှာ အရာခပ်သိမ်းတို့သည် သတ်မှတ်ထားသော၊ မည်သည့်အခါတွင်မျှ မပြောင်းလဲသော သဘာဝဥပဒေသတို့ဖြင့် ဖြစ်နေကြသည် ဟူ၍ဖြစ်သည်။ ထို့ကြောင့် တပြေးတညီတည်းရှိခြင်းဝါဒ မမှန်လျှင်၊ ဆင့်ကဲဖြစ်ပေါ်မှုဝါဒလည်း မှန်နိုင်မည်မဟုတ်ပါ။ ထို့အပြင် မည်သည့်သိပ္ပံပညာရှင်ကမှလည်း ဆင်ကဲဖြစ်ပေါ်မှုဝါဒ မှန်ကန်ကြောင်း သက်သေပြ နိုင်ခြင်း မရှိပါ။ ဘုရားသခင်ကဲ့သို့ အရာခပ်သိမ်း စတင်ခဲ့သောအချိန်မှ ယနေ့အချိန်အထိ နေနိုင်သူကသာ မည်သည့် အခါတွင်မှ ပြောင်းလဲခြင်းမရှိပါဟု မည်ကာမတ္တခေါ်နေကြသော "သဘာဝဥပဒေသများ" ရှိနိုင်မည် မရှိနိုင်မည်ကို သိနိုင်ပါမည်။

ကျမ်းစာက တပြေးတညီတည်းရှိခြင်းဝါဒ ဥပဒေသများ မှားကြောင်း ပြောပြပါသည်။ တပြေးတညီတည်းရှိခြင်းဝါဒက အရာခပ်သိမ်းသည် အစအဦးကအတိုင်း ဆက်လက်၍ တည်ရှိနေကြသည်ဟု ပြောပါသည်။ မည်သည့်အချိန်တွင်မဆို ထိုသို့ဖြစ်သည်ဟု ပြောပါသည်။ ၎င်းဝါဒက ဓါတ်ရောင်ခြည်ထုတ်လွှင့်မှုလျော့ပါးခြင်း(radioactive decay)၊ အနယ်ထိုင်ခြင်းနှုန်းထား(sediments)၊ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်တည်မှုနှုန်းထား(formation of fossils)၊ ပွတ်တိုက်စားခြင်း(erosions) စသည်တို့ကဲ့သို့သောအရာများသည် သတ်မှတ်ထားသောသဘာဝဥပဒေသများအရသာ(according to fixed natural laws) ဖြစ်နေကြသည်ဟု ပြောကြပါသည်။ ကျမ်းစာက ထိုသို့မဟုတ်ကြောင်း ရှင်းလင်းစွာ ပြောပြပါသည် (၂ပေ ၃း၃–၇)။ တနေ့သောအခါ ထိုသို့သော မယုံကြည်သူတို့၏ ဝါဒအများ ပေါ်လာမည်ကို ကြိုသိ၍၊ သန့်ရှင်းသောဝိညာဉ်တော်က အရာခပ်သိမ်းသည် အမြဲတမ်း တပုံစံတည်း မဟုတ်ကြောင်း ထိုကျမ်းပိုဒ်တို့၌ပြောထားပါသည်။ ရေလွှမ်းမိုးခြင်းမတိုင်မီက အလွန်ခြားနားသောကမ္ဘာကြီး ရှိခဲ့ပါသည်။ ထိုကမ္ဘာကြီးသည် ကြီးမားလှသောရေလွှမ်းမိုးခြင်းကြောင့် ပျက်ဆီးသွားပြီဖြစ်သည်၊ မရှိတော့ပါ။ ဘုရားသခင်ကိုယ်တိုင်က ရေလွှမ်းမိုးခြင်းဖြင့် ကမ္ဘာကြီး၏ သဘာဝကို လုံးဝပြောင်းပစ်ခဲ့ပါသည်။ နောက်ဆုံးသောအချိန်ရောက်လျှင် နောက်တခါ ထိုသို့ လုံးလုံး

ပြောင်းပစ်ခြင်းကို လုပ်ဦးမည်ဖြစ်သည်။ ထို့ကြောင့် လူတို့၏ "သိပ္ပံနည်းကျ"ဟုခေါ်သော "ဝါဒ"များသည် ရေလွှမ်းမိုးပြီးနောက်ပိုင်းချိန်များကိုသာ ထောက်ခံနေပါသည်။ ရေလွှမ်းမိုးခြင်း မတိုင်မီကခေတ်နှင့်ပတ်သက်၍ ဘာကိုဘာမှ မပြောနိုင်ကြပါ။

ကျွန်တော်တို့သည် ဖန်ဆင်းခြင်းဝါဒကို သက်သေပြရန် မကြိုးစားပါ၊ ကျမ်းစာကပြောပြသော ခြောက်ရက်အတွင်း ဘုရားသခင်က အရာခပ်သိမ်းကိုဖန်ဆင်းသည်ဟုဆိုခြင်းသည် သက်သေပြခြင်းနှင့် မဆိုင်ပါ၊ ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်သာ ဆိုင်ပါသည်။ "ယခုမြင်ရသောအရာတို့သည် အရင်ထင်ရှားသောအရာထဲက မဖြစ်ဘဲ၊ လောကဓါတ်တို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာ တည်ကြသည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့်သိကြ၏" (ဟေဗြဲ ၁၁း၃)။ ဆင့်ကဲဖြစ်ပေါ်ခြင်းဝါဒသည် မယုံကြည်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းက လူသားထက် ဘုရားသခင်ကိုသာ နားထောင်ပါသည်။

## ဘုရားသခင်ရှိကြောင်းလက်ခံသော ဆင့်ကဲဖြစ်ပေါ်မှုဝါဒအကြောင်း
## (Theistic Evolutionism)

ဒါဝင်ခေတ်မှစ၍၊ လမ်းမှားနေသောခရစ်ယာန်အချို့တို့သည် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့်ကျမ်းစာကို ရောနှောလျှက် ဝါဒတရပ်ကိုတည်ထောင်ရန် အမြဲကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ကြိုးပမ်းသောဝါဒများကို "ဘုရားရှိကြောင်းလက်ခံသောဆင့်ကဲဖြစ်ပေါ်မှုဝါဒ"ဟုခေါ်နိုင်ပါမည်။ ထိုဝါဒ၏ဥပမာများကို အောက်ပါအတိုင်းတွေ့နိုင်ပါမည်၊–

ကွာဟချက်သီအိုရီ (gap theory)၊ ထိုသီအိုရီက ကမ္ဘာဦးကျမ်း ၁း၁ နှင့် ၁း၂ ကြားတွင် ကွာဟနေသောအချိန်ကာလကြီးတခုရှိသည်၊ ထိုအချိန်သည် နှစ်သန်းထောင်ပေါင်းများစွာကြာသည်၊ ထိုအချိန်များတွင် ဆင့်ကဲဖြစ်ပေါ်မှုဖြစ်လာခဲ့သည်၊ ထိုပထမကမ္ဘာကြီးသည် ပျက်သွားခဲ့သည်၊ ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုဝါဒပြောသော နှစ်ပေါင်းများစွာကြာခဲ့သည်ဆိုသည့်အထောက်အထားများသည် ထိုပထမကမ္ဘာတွင်ဖြစ်ခဲ့သောအရာများဖြစ်သည်ဟု ပြောပါသည်။ သို့သော် ကျမ်းစာက ထိုသို့သောအဖြစ်အပျက်ရှိသည်ဟု နည်းနည်းကလေးမှ အထောက်အထားမပေးပါ။

နေ့တနေ့သည်နှစ်များစွာကြာသည်ဟုပြောသောသီအိုရီ(day-age theory) (သို့) အချိန်ကာလသီအိုရီ(period theory) ထိုသီအိုရီက ကမ္ဘာဦးကျမ်း ၁ နှင့် ၂ တွင်ပြောသောနေ့များသည် အမှန်ဆိုလျှင် ကြာညောင်းလှသောအချိန်ကာလကြီးများကို ဆိုလိုသည်ဟု ယူဆပါသည်။ ထိုသို့ကြိုးပမ်းချက်ကို ထွက်မြောက်ရာကျမ်း၂၀း၈–၁၁ ဖြင့်လွယ်ကူစွာအဖြေပေးနိုင်ပါသည်။ ထိုကျမ်းပိုဒ်က ကမ္ဘာဦးကျမ်း ၁ မှ နေ့များသည် ၂၄ နာရီ တရက်ဖြစ်ကြောင်း ရှင်းစွာပြောပြပါသည်။

ဒဏ္ဍာရီသီအိုရီ(myth theory) ထိုသီအိုရီက ကမ္ဘာဦးကျမ်း ၁ မှ ၃ အထိသည် တကယ့်သမိုင်းအဖြစ်အပျက်မဟုတ်ပါ၊ ဂန္ဓဝင်ကဗျာရှည်ကြီး၊ ဒဏ္ဍာရီတပုဒ်၊ (သို့) အမှန်တရားတစုံတခုကို သင်ပြသောအကြောင်းအရာတခု မျှသာဖြစ်သည်၊ တကယ်ဖြစ်ပျက်ခဲ့ခြင်းကို မှတ်တမ်းတင်ထားသည်မဟုတ်ပါဟု ယူဆသည်။ ဤသီအိုရီအတွက်အခက်အခဲမှာ သခင်ယေရှုနှင့်တမန်တော်များက ကမ္ဘာဦးကျမ်း ၁ မှ ၃ ကို တကယ့်သမိုင်းအဖြစ်အပျက်ဟု လက်ခံခြင်းပင်ဖြစ်သည် (မဿဲ ၁၉း၄၊ ရောမ ၅း၁၂၊ ၁ကော ၁၅း၄၅–၄၇)။

ထိုသီအိုရီအားလုံးသည် ကျမ်းစာ၏ရှင်းလင်းစွာသင်ပြနေသော ခြောက်ရက်အတွင်းဖန်ဆင်းတော်မူခြင်း၊ ကမ္ဘာဦးကျမ်း၏ပထမအခန်းကြီးများ၏ သမိုင်းအရတကယ်ဖြစ်ပျက်မှန်ကန်ခြင်းတို့အောက်တွင် ဆုံးရှုံးကြပါသည်။

ဘုရားသခင်ကိုယ်တိုင်က ထွက်မြောက်ရာကျမ်း ၂၀း၈–၁၁ တွင် သာမန်ခြောက်ရက်အတွင်း အားလုံးကိုဖန်ဆင်းသည်ဟု ပြောပြပါသည်။ ထိုနေ့များသည် ကျွန်တော်တို့၏နေ့ရက်များနှင့် အတူတူဖြစ်ကြပါသည်။ သခင်ယေရှုနှင့်ရှင်ပေါလုတို့ကလည်း တကယ့်အာဒံရှိခဲ့ကြောင်း ယုံကြပါသည်။ ထိုပထမဆုံးလူသားကို ဘုရားသခင်က ဖန်ဆင်းခဲ့ခြင်းဖြစ်သည်၊ ဆင့်ကဲဖြစ်ပေါ်မှုအရ ဖြစ်လာခဲ့ခြင်းမဟုတ်ပါ (မဿဲ ၁၉း၄–၆၊ ၁ကော ၁၅း၄၅)။ ရှင်ပေတရုသည် ဖန်ဆင်းခြင်းဝါဒီ(creationist)ဖြစ်ပါသည် (၂ပေ ၃း၅)။ ယောဟန်လဲ ထို့အတူပင် (၁ယော ၃း၁၂)။

ဘုရားသခင်က ပညတ်တော်များကိုပေးသည့်အချိန်၌ သူဘာပြောသနည်းဆိုသည်ကို မသိခဲ့ပါဟု မည်သူပြောရဲပါသနည်း? သခင်ယေရှုက ထိမ်းမြားခြင်း၏နမူနာပုံစံအဖြစ် အာဒံနှင့်ဧဝတို့အကြောင်းကို ပြောနေသောအခါ၊ အဓိပ္ပါယ်မရှိသောပေါက်ကရစကားများပြောနေခြင်းဖြစ်သည်ဟု မည်သူပြောရဲပါသနည်း? ရှင်ပေါလုက အာဒံကို ပထမဆုံးလူသားဟု ခေါ်သည့်အခါ သူသည် လိမ်ညာနေသည်ဟု မည်သူပြောရဲပါသနည်း?

ထို့ကြောင့် ကမ္ဘာလောကကြီး၏ အစဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ဘာကိုယုံယုံ ကိစ္စမရှိပါဟု ပြောခြင်းသည် လိမ်ညာခြင်းဖြစ်ပါသည်။ ထို့ကြောင့် အခြားသောယုံကြည်ချက်များကို မထိခိုက်ဘဲ ဆင့်ကဲဖြစ်ပေါ်မှုဝါဒကို လက်ခံနိုင်ပါသည်ဟုပြောခြင်းသည်၊ အထူးသဖြင့် သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းကို မထိခိုက်ပါဟု

ပြောခြင်းသည် လိမ်ညာခြင်းသာဖြစ်ပါသည်။ သခင်ယေရှု၏မှကန်ခြင်း၊ ဘုရားသခင်၏ဖြောင့်မှန်မှန်ကန်ခြင်းကို စော်ကားခြင်းဖြစ်ပါသည်။

သို့သော် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့်ပတ်သက်၍ အငြင်းပွားမှုသည် ဘုရားသခင်၏မှန်ကန်ခြင်း၊ ကျမ်းစာရေးသားသူများ၏မှန်ကန်ခြင်းနှင့်သာ ပတ်သက်သည်မဟုတ်ပါ၊ ကျမ်းစာ၏ဩဝါဒနှင့်လည်း တိုက်ရိုက်သက်ဆိုင်ပါသည်။ ကျမ်းစာက ကမ္ဘာဦးကျမ်း ၁ – ၁၁ အထိ၏သမိုင်းကြောင်းအရမှန်ကန်ခြင်းကို တောက်လျှောက်ပေါ်ပြပါသည်။ ကျမ်းစာက မှန်ကန်လျှက်၊ လူသားတို့က လိမ်ညာသူများဖြစ်နေပါသလား? (သို့) လူသားတို့က ကြိုက်ရာသီအိုရီများကို တင်ပြလျှက် အမှန်တရားကိုပြောကြကာ၊ ကျမ်းစာက လိမ်ညာလှည့်ဖြားနေခြင်းဖြစ်ပါသလား? မည်သည့်အချက်မှန်သည်ဟု သင်ထင်ပါသနည်း?

## ဖန်ဆင်းခြင်းနှင့်ပတ်သက်၍နေ့တနေ့သည်နှစ်များစွာကြာသည်ဟုယူဆသောသီအိုရီအကြောင်း (Day-age theory)

နေ့တနေ့သည်နှစ်များစွာကြာသည်ဟုပြောသောသီအိုရီ(day-age theory) ကိုတခါတရံ အချိန်ကာလသီအိုရီ(period theory)ဟုလည်း ခေါ်တတ်ပါသည်။ ကမ္ဘာဦးကျမ်း ၁ မှနေ့များသည် အင်မတန်ကြာညောင်းသောကာလကြီးများ (သို့) နှစ်များကို ပြောခြင်းဖြစ်သည်ဟု ဤသီအိုရီက ပြောချင်ပါသည်။ ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့်ကျမ်းစာကို ညှိနှိုင်းဖို့ ကြိုးပမ်းမှုတခုသာဖြစ်သည်။ ထိုကြိုးပမ်းမှုများ မှားယွင်းနေသည်ကို လွယ်ကူစွာ သက်သေပြနိုင်ကြောင်း ပေါ်ပြခဲ့ပြီးဖြစ်သည်။ ထိုအိုင်ဒီယာများ မမှန်နိုင်ခြင်းကို ကျမ်းစာအား သေချာစွာလေ့လာခြင်းဖြင့်သာ ပေါ်ထွက်နိုင်သည်ကို ဆက်၍ပြချင်ပါသည်။ ကျမ်းစာကို ကျမ်းစာအားဖြင့် အနက်ဖွင့်ခြင်းသည် ကျွန်တော်တို့၏ သေချာသော၊ လုံခြုံသော လမ်းပြဖြစ်ပါသည်။

တစုံတဦးက ကျမ်းစာထဲရှိ "နေ့"ဆိုသည့်စကားလုံးကို လေ့လာလျှင်၊ သူသည် အလျှင်အမြန် အကြောင်းအရာနှစ်ခုကို သတိပြုမိလာမည်ဖြစ်သည်။ ထိုသို့လေ့လာလျှင် နေ့ ဆိုသောစကားလုံးက ကျမ်းစာထဲတွင် ရှည်လျားသောအချိန်ကာလကိုလည်း ရည်ညွှန်းနိုင်ကြောင်းကို တွေ့လာပါမည် (၂ပေ ၃း၈–၁၀)။ ထိုအချက်ကို သံသယဖြစ်စရာအကြောင်း မရှိပါ။

သို့သော် ထပ်၍လေ့လာသည့်အခါ၊ နေ့ ဆိုသောစကားလုံးအား ပထမ၊ ဒုတိယ၊ တတိယ စသဖြင့် အစီအစဉ်ကိုပေါ်ပြသော(ကိန်း)တို့ဖြင့် တွဲလျှက်သုံးလျှင်၊ ဘယ်တော့မှ အချိန်ကာလရှည်ကြီးတခုကို မရည်ညွှန်းကြောင်းတွေ့လာပါမည်။ ကျမ်းစာတွင် နေ့ ဆိုသောစကားလုံးအား အစီအစဉ်ကိုပေါ်ပြသော(ကိန်း)တို့ဖြင့် တွဲသောအခါ၊ အမြဲတမ်း ၂၄ နာရီတရက်၊ သာမန်နေ့ကိုသာ ရည်ညွှန်းပါသည်။ နေ့ ဆိုသောစကားလုံးကို ကမ္ဘာဦးကျမ်း ၁ တွင် အစီအစဉ်ကိုပေါ်ပြသော(ကိန်း)တို့ဖြင့် တွဲ၍သုံးသဖြင့်၊ ၎င်းသည် သာမန် နေ့များ ကိုသာ ရည်ညွှန်းရပါမည်။ ထိုသို့ ကျမ်းစာသည် ကျမ်းစာကို အနက်ဖွင့်နေပါသည်။

ဘုရားသခင်ကိုယ်တိုင်က သာမန် နေ့ရက်များ ရှိရမည်ဟု တည်ဆောက်ခြင်းဖြစ်သည်၊ ပထမတွင် ကမ္ဘာဦးကျမ်း ၁ ၌ဖြစ်သည်၊ မနက်နှင့်ညနေဟု ပြောလျှက် တည်ဆောက်တော်မူခြင်းဖြစ်သည်။ ထို့နောက် ထွက်မြောက်ရာကျမ်း ၂၀ တွင်ဖြစ်သည်၊ ထိုနေရာတွင် တပတ်တာအချိန်များကို မည်သို့အသုံးပြုရမည့်အကြောင်း အမြဲတည်သောပုံစံတခုကို ဖန်ဆင်းခြင်းနေ့ရက်များဖြင့် ပြောပြတော်မူခြင်းဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁ မှ နေ့ရက်များသည်၊ ကျွန်တော်တို့ အလုပ်လုပ်ရသောနေ့ရက်များနှင့် အတူတူပြစ်သည်ဟု ဘုရားသခင်ကပြောနေပါသည်။ ထို့နောက် ဆက်လေ့လာသောအခါ၊ "ညဦးနှင့်နံနက်အချိန်"ဟု တွဲ၍သုံးတိုင်း ကျမ်းစာတွင် အဓိပ္ပါယ်တခုသာရှိသည်၊ ၎င်းမှာ ကျွန်တော်တို့၏သာမန်ဘဝများထဲ နေ့စဉ်တွေကြုံရသလိုမျိုးသာဖြစ်သည်ဟူ၍ တွေ့လာပါမည်။ ကျမ်းစာကို ကျမ်းစာ အနက်ဖွင့်နေပြန်ပါပြီ။

ဤနေရာတွင် ကျမ်းစာကိုလေ့လာသူတိုင်းအတွက် သတိပေးချက်တခုရှိနေပါသည်။ ၎င်းမှာ၊ ကျွန်တော်တို့သည် ကျမ်းစာထံသို့ လာရမည်၊ ကျမ်းစာပြောသည်ကို နားထောင်ရမည်ဖြစ်သည်။ ကျွန်တော်တို့သည်မိမိတို့ကိုယ်ပိုင်အနက်ဖွင့်ချက်များကို ကျမ်းစာသို့ ယူမလာရပါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အတင်းအကြပ် ကိုက်အောင်မညှိရပါ။ ကျွန်တော်တို့၏ တာဝန်မှာ ကျွန်တော်တို့၏ကိုယ်ပိုင်ကျမ်းစာအနက်ဖွင့်ခြင်းကို ပေးဖို့မဟုတ်ပါ၊ ကျမ်းစာများကို သေချာစွာလေ့လာကာ၊ ၎င်းတို့ဘာသာအနက်ဖွင့်ကြရန် ဂရုတစိုက် နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။ ထို့နောက် ကျွန်တော်တို့သည် ၎င်းတို့၏သင်ပေးခြင်းကို ယုံကြည်ရမည်၊ နာခံရပါမည်။

ဘုရားသခင်ရှိကြောင်းလက်ခံသော ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ကျမ်းစာကဘာပြောသနည်းဆိုသည်ကို ငြင်းပယ်သောဝါဒဖြစ်သည်၊ ကမ္ဘာဦးကျမ်း ၁ မှ ၃ သာမကပါ၊ ထိုအခန်းကြီးသုံးခန်းကို အနက်ဖွင့်သော၊ အလင်းပေး

သော အခြားကျမ်းပိုဒ်များအားလုံးကိုပါ ငြင်းပယ်နေပါသည်။ ဘုရားသခင်ရှိကြောင်းလက်ခံသော ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ဝိညာဉ်တော်က ဘာပြောသနည်းဆိုသည်ကို ငြင်းဆန်သော ဝါဒဖြစ်ပါသည်၊ ဝိညာဉ်တော်ကို ထိုကမ္ဘာဦးကျမ်း သုံးခန်းအား ရေးသူအနေနှင့်၄င်း၊ ထိုအခန်းများကို အစိုးရတော်မူစွာအနက်ဖွင့်သူအနေနှင့်၄င်း၊ ကျမ်းစာအားလုံးကို အနက်ဖွင့်သူအနေနှင့်၄င်း ငြင်းဆန်သောဝါဒဖြစ်ပါသည်။

ပြဿနာသည် ဖန်ဆင်းခြင်းဝါဒနှင့်ဆင့်ကဲဖြစ်ပေါ်မှုဝါဒတို့ ငြင်းခုံနေကြခြင်းမဟုတ်ပါ၊ ကျမ်းစာကို ဘုရားသခင်က မှုတ်သွင်းတော်မူသည်၊ ကျမ်းစာ၏ပြဋ္ဌာန်းချက်၊ ကျမ်းစာ၏လုံလောက်မှု စသည်တို့အပေါ် ပြဿနာဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုအချက်သည် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့် ကျမ်းစာကို ရောမွှေရန် ကြိုးစားမှုမှန်သမျှတွင် ကျမ်းစာ၏အမှန်တရားတို့ကို သိပ္ပံပညာ၏အချက်အလက်တို့ဟု ခေါ်နေကြသော အရာများ၌ ဆုံးရှုံးနေရခြင်းဖြစ်ပါသည်၊ မယုံကြည်သော ဆင့်ကဲဖြစ်ပေါ်မှုဝါဒ၏ သီအိုရီများ၌ ကျမ်းစာ၏အမှန်တရားတို့ ဆုံးရှုံးနေရခြင်း အကြောင်းတရားဖြစ်ပါသည်။

တခါက တဦးသောသူ ပြောခဲ့သလိုဖြစ်ပါသည်၊ "ယောနက ဝေလငါးကြီးကိုမြိုလိုက်တာကွလို့ ဘုရားသခင်က ပြောတာနဲ့ သိပ္ပံပညာရှင်တယောက်က ငါးတကောင်က လူတယောက်ကို မြိုချတယ်ဆိုတာ မဖြစ်နိုင်ပါဘူးကွာ လို့ ပြောတာနဲ့ ဘာကိုရွေးမလဲလို့ မေးလာခဲ့ရင်၊ ငါကတော့ ဘုရားပြောတာဘဲ ရွေးမှာပါ။" ဘုရားသခင်သည် အမြဲမှန်ပါသည်၊ လူသည် အမြဲ လိမ်ညာပါသည်။ ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ ဘုရားသခင်ပြောသမျှသည် မမှားနိုင်ပါ။

## ဘုရားသခင်၏စောင်မတော်မူခြင်းအကြောင်း(God's Providence)

စောင်မတော်မူခြင်း(Providence)ဆိုသည့်စကားလုံးကို ကျမ်းစာတွင်မတွေ့ရပါ။ ဘုရားသခင်သည် နေရာတိုင်းတွင်ရှိသော ဖန်ဆင်းခြင်းတခုလုံးကို အုပ်စိုးတော်မူသူဖြစ်သည် ဆိုသည့်ကျမ်းစာ၏သွန်သင်ချက်အတွက် အသုံးပြုသော နာမည်တခုဖြစ်ပါသည်။

ဖန်ဆင်းခြင်းတခုလုံးကို အစိုးရတော်မူစွာ အုပ်စိုးသူအနေနှင့် ဘုရားသခင်သည် သူ၏ဖန်ဆင်းခံအားလုံး၏လိုအပ်ချက်များကို ထောက်မပါသည်၊ ဂရုစိုက်စောင့်ရှောက်ပါသည်။ စောင်မတော်မူခြင်း ဆိုသည့်စကားလုံးက ဘုရားသခင်၏ ထောက်ပံ့မစတော်မူခြင်းကိုသာ ပြောသည်မဟုတ်ပါ၊ သူ၏ ထိန်းချုပ်ခြင်း၊ လမ်းညွှန်ခြင်း၊ သူ၏ရည်ရွယ်တော်မူချက်ပြည့်စုံရန် အရာခပ်သိမ်းကို အသုံးပြုခြင်း စသည်တို့ကိုလည်း ပြောပြပါသည်။ "(ဘုရားသခင်သည်) ကောင်းကင်ဗိုလ်ခြေတို့၌၄င်း၊မြေကြီးသားတို့၌၄င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏၊ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်၊ အဘယ်သို့ပြုသနည်း?ဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။" (ဒံယေလ ၄း၃၅)။ ၄င်းသည်လည်း သူ၏စောင့်မတော်မူခြင်းဖြစ်ပါသည်။

စောင်မတော်မူခြင်းဆိုသည်မှာ မည်သည့်အရာမျှ ဖြစ်ချင်သလို မဖြစ်ပါ၊ မတော်တဆ၊ ကံကြောင့် ဖြစ်ခြင်းမရှိ(မဿဲ ၁၀း၂၉-၃၀)၊ အရာခပ်သိမ်းသည် ဘုရားသခင်၏လုပ်ဆောင်ချက်ကြောင့် ဖြစ်ရသည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူဆိုးတို့၏ အပြစ်ပြည့်သောအပြုအမူလုပ်ဆောင်ချက်များသည်ပင်၊ နတ်ဆိုး၏ လှုပ်ရှားမှုများအပါအဝင် ဘုရားသခင်၏ ပြည့်ဝသောထိန်းချုပ်မှုအောက်၌ ရှိနေကြပါသည်(ထွက် ၄း၂၁၊ ၁ရာ ၂း၂၅၊ ၂ရာ ၁၆း၁၀၊ ၂၄း၁၊ ၃ရာ ၂၂း၁၉-၂၂၊ ဆာလံ ၁၃၉း၁-၁၆၊ သုတ္တံ ၁၆း၁၄၊၉၊ ၂၁း၁၊ ဟေရှာ ၁၀း၁၅၊ ၄၅း၇၊ ၆၃း၁၇၊ ယေရမိ ၁၀း၂၃၊ ဒံယေလ ၄း၁၇၊ အာမုတ် ၃း၆၊ မဿဲ ၈း၃၁၊ တမန် ၂း၂၃၊ ၁၇း၂၈၊ ရောမ ၉း၁၈)။ ထိုသို့ဖြစ်သော်လည်း ဘုရားသခင်သည် ကြီးမြတ်တော်မူလှသဖြင့် လူသားတို့က ပြုလုပ်သမျှသော ဆိုးညစ်ခြင်းများအတွက် တာဝန်ရှိတော်မမူပါ။ သူလုပ်ကိုင်သော ပုံစံတို့သည် ကျွန်တော်တို့၏ပုံစံနှင့် အမှန်ပင် ခြားနားပါသည်၊ သူ၏အတွေးများသည်လည်း ကျွန်တော်တို့တွေးသည်နှင့် အတော်ခြားနားပါသည် (ဟေရှာ ၅၅း၈)။

ကျမ်းစာက ဘုရားသခင်၏စောင်မတော်မူခြင်းအကြောင်းကို ပြောသည့်အခါ သူ၏"လက်တော်"ဟု ပြောလေ့ရှိပါသည်(ဆာလံ ၁၀၉း၂၇၊ ၁ပေ ၅း၆)။ သူ၏လက်တော်ဖြင့် သူဖန်ဆင်းသည်များကို ထောက်ပံ့တော်မူသည်၊ သူတို့၏အသက်ရှင်ခြင်း၊ ထွက်သက်ဝင်သက်တို့ကို ပေးတော်မူပါသည်။ သူ၏လက်တော်အားဖြင့် အရာခပ်သိမ်းတို့ကို သွားရမည့်လမ်းကြောင်းများသို့ သွားလာစေလျှက်၊ မိမိ၏အံ့ဩစရာရည်ရွယ်တော်မူချက်များကို ပြည့်စုံစေပါသည်။ သူ၏လက်တော်သည် သူ၏အစိုးရတော်မူသော၊ တန်ခိုးတော်ကြီးလှသော အစွမ်းသတ္တိဖြစ်ပါသည်။

တခါတရံ ဘုရားသခင်က သူ၏ရည်ရွယ်ချက်များပြည့်မြောက်ရန်အတွက် လူသားတို့ကို အသုံးပြုသည့်အခါ၊ ထိုအသုံးပြုခံလူသားတို့ကိုပင် သူ၏လက်တော်ဟု ခေါ်တတ်ပါသည် (ဆာလံ ၁၇း၁၃-၁၄ ဆရာယုဒသန်၏ မြန်မာကျမ်းတွင် ထိုစကားလုံးကိုမတွေ့ရပါ၊ ထို့ကြောင့် ဂျိန်းဘုရင်မူမှ ဘာသာပြန်ရလျှင်၊ "ကိုယ်တော့်လက်တော်ဖြစ်သော လူသားတို့ထံမှ၊ ဤလောကသားတို့ထံမှ ကယ်လွှတ်တော်မူပါ"ဟူ၍ဖြစ်ပါမည်။ From men *which are* thy hand, O

LORD, from men of the world,)၊ (သို့) သူတို့ကို သူ၏ရည်ရွယ်တော်ချက်ပြည့်မြောက်ရန် အသုံးပြုခံရသည့် တန်ဆာပလာ နည်းလမ်းများဖြစ်သည့်အခါ ထိုသို့ခေါ်ပါသည် (ကမ္ဘာ ၄၉း၂၄၊ ဆာလံ ၁၇း၁၃၊ ဟေရှာ ၁၀း၁၅)။ ထို့အပြင် ထိုသူတို့ကို သူ၏တန်ဆာပလာများအဖြစ် အသုံးပြုသည့်အခါတွင်လည်း ထိုသူတို့က ဘုရားသခင် ထိုသို့ပြုခြင်းကို မေးခွန်းထုတ်နိုင်ခြင်း မရှိကြပါ (ဟေရှာ ၄၅း၉)။

မယုံကြည်သူတို့အတွက် ဤအတွေးအမြင်ပေါ်တွင် စကားဖြင့်ပင်ပြောမထွက်နိုင်သော ကြောက်ရွံ့ထိတ်လန့်မှု ရှိနေပါသည်။ သူတို့ ဘာလုပ်လုပ်၊ ဘယ်ကိုသွားသွား၊ သူတို့သည် ဘုရားသခင့်လက်တော်အတွင်း၌ရှိနေကြသည်။ သူတို့၏တရားသူကြီး၊ အဆုံးစီရင်မည့်သူ ဘုရားသခင့်အလိုတော်မပါဘဲ ဘာကိုမှ မလုပ်နိုင်ကြပါ။ သို့သော် ယုံကြည်သူတို့အတွက်မူ ဘုရားသခင့်စောင်မတော်မူခြင်း အတွေးအမြင်မှနေ၍ မကုန်ဆုံးနိုင်သော နှစ်သိမ့်မှု၊ စိတ်ချမ်းသာမှုကို ရရှိနေကြပါသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ကို ထိန်းချုပ်ထားသောလက်တော်များသည် သူတို့ဖခင်၏လက်များ ဖြစ်နေပါသည် (ယော ၁၀း၂၈−၂၉)၊ သူတို့ကို ထာဝရချစ်ခြင်းဖြင့် ထာဝရကာလမှ ချစ်နေသူ၊ အစိုးရတော်မူစွာ၊ ကျေးဇူးဂရုဏာပြည့်စုံစွာ ဂရုစိုက်သူ၏ လက်တော်များဖြစ်ပါသည်။ ကျမ်းစာက သူတို့ကို ဘုရားသခင်၏လက်တော်များတွင် ထွင်းထားသည်ဟုပင် ပြောပါသည် (ဟေရှာ ၄၉း၁၆)။

ထို့သို့ သူသည် သူတို့၏ကောင်းကင်ဘုံမှဖခင်ဖြစ်ကြောင်း သိရခြင်းက ယုံကြည်သူတို့ကို သူတို့၏ဖခင်သည် အနန္တတန်ခိုးတော်ရှင်ဖြစ်သည်ဟု ဘုရားသခင်၏စောင်မတော်မူခြင်းဩဝါဒမှ သိမြင်လာစေပါသည်။ သူတို့ကယ်တင်ခြင်းရရန် လိုအပ်သည်မှန်သမျှကို သူသည် လုပ်ပေးနိုင်စွမ်းပါသည်။ သူတို့ဘဝများနှင့်သက်ဆိုင်ပတ်သက်သမျှ အကြောင်းအရာများကို သူက ထိန်းချုပ်တော်မူပါသည်။ သူတို့ကို ဆန့်ကျင်နေသည်ဟု ထင်မှတ်ရသည်အကြောင်းများအပါအဝင်ဖြစ်သည်။ ဖျားနာခြင်း၊ သေခြင်း၊ ဆင်းရဲခြင်း၊ ဒုက္ခခံရခြင်း၊ နှိပ်စက်ခံရခြင်း စသည်တို့သည် မတော်တဆ ရောက်မလာကြပါ၊ သူ၏လူများကို အလွန်ချစ်သော၊ သူ၏တပါးတည်းသာမွေးထားသောသားတော်ကိုပင် သူတို့ထံသို့ ပေးသောသူ၏ အစိုးရတော်မူစွာ ထိန်းချုပ်ထားမှုအောက်မှနေ၍သာ ဖြစ်လာကြခြင်းဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းသည် ဘုရားသခင်ကိုချစ်ကြသောသူတို့အတွက် ကောင်းခြင်းများကိုသာ လုပ်ပေးကြမည်မှာ အသေအချာပင်ဖြစ်ပါသည်(ရော ၈း၂၈)။ သခင်ယေရှုခရစ်တော်၌ရှိသော ဘုရားသခင်၏ချစ်ခြင်းမှနေ၍လည်း သူတို့ကို ဘယ်အရာကမှ ခွဲထုတ်မပစ်နိုင်ပါ (ရော ၈း၃၉)။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

+++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၇)

### ၆း၁၂−၁၇

၁၂ − ဆဋ္ဌမတံဆိပ်ကိုဖွင့်သောအခါ၊ ငါကြည့်လျှင်၊ ကြီးစွာသောမြေလှုပ်ခြင်း(လျှောင်လှုပ်ခြင်း)ဖြစ်၏။ နေသည် အမွေးဖြင့်ရက်သော အဝတ်ကြမ်းကဲ့ သို့ မည်း၏။ လအလုံးသည် အသွေးကဲ့သို့ဖြစ်၏။ ၁၃ − သင်္ဘောသဖန်းပင်ကို ပြင်းစွာသောလေတိုက်လျှင်၊ အချိန်မတန်သောအသီးကြွေသကဲ့သို့၊ ကောင်းကင်ကြယ်တို့သည် မြေပေါ်သို့ကျကြ၏။ ၁၄ − မိုးကောင်းကင်သည် စာစောင်လိပ်သကဲ့သို့ လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့ သည် မိမိတို့နေရာအရပ်မှ ရွေ့ကြ၏။ ၁၅ − လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူမှစ၍၊ ကျွန်များ၊ လူလွတ်များ အပေါင်းတို့သည် မြေတွင်း၌၎င်း၊ တောင်ပေါ်မှာရှိသော ကျောက်များ၌၎င်း၊ ပုန်းရှောင် လျှက်နေ၍ ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျှက်၊ ၁၆ − ငါတို့အပေါ်သို့ ကျကြပါ၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏ မျက်နှာနှင့် သိုးသငယ်၏အမျက် တော်ကို ကွယ်ကာ၍ ငါတို့ကို ဖုံးအုပ်ကြပါ။ ၁၇ − အမျက်တော်သည် ထင်ရှားသောနေ့ကြီး ရောက်ပါပြီတကား အဘယ်သူသည် ခံရပ်နိုင်မည်နည်း ဟု ပြောဆိုကြ၏။

### မြင်ရသောကမ္ဘာကြီးတုန်လှုပ်နေခြင်း

၁။ ပဉ္စမတံဆိပ်နှင့်ဆဋ္ဌမတံဆိပ်တို့၏ ဆက်နွယ်မှုကို မဿဲ ၂၄း၂၉ တွင်ဖော်ပြပါသည်။ ဤတံဆိပ်ဖွင့်သောအခါ ကျွန်တော်တို့မြင်ရသည့်မြင်ကွင်းသည် မြင်ရသောကမ္ဘာကြီး၏ အဆုံးသတ်မြင်ကွင်းဖြစ်သည်။ အရာခပ်သိမ်းသည် တုန်လှုပ်နေကြသည်။ ထို့ကြောင့် ဗျာဒိတ်ကျမ်း၏နောက်ပိုင်းတွင် ဖော်ပြသောအဖြစ်အပျက်များ(တံဘိုးမှုတ်ခြင်းများ၊ ခွက်ဖလာများ)တို့သည် ပထမ တံဆိပ်ခြောက်ခုတို့နှင့် အတူတကွဖြစ်နေကြသည်ဟု သဘောပေါက်နိုင်ပါသည်။

အချို့သောအနက်ဖွင့်သူများက ဤအဖြစ်အပျက်ကို နိမိတ်ပုံဆန်လွန်းစွာ(နိမိတ်ပုံသဘောဆန်ဆန်)အနက်ဖွင့်ကြသည်။ သူတို့က လျှောင်လှုပ်ခြင်းက နိုင်ငံရေး၊ ဘာသာရေးတို့ လှုပ်ခတ်ခြင်းဖြစ်သည်၊ ကြယ်များကြွေကျသည်ဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင် ဘုရင်များ၊ မင်းသားများ၊ အသင်းတော်ခေါင်းဆောင်များ ကိုဆိုလိုသည်၊ နေနှင့်လ တို့က ဥပဒေများ၊ ပုရောဖက်များကိုဆိုလိုသည်၊ ၎င်းတို့မှောင်မဲသွားခြင်းသည် ထိုသူတို့ ဒုက္ခရောက်ကြခြင်းကိုဆိုလိုသည် စသဖြင့် ပြောတတ်ကြပါသည်။ ထိုသို့အနက်ဖွင့်သူတို့အကြားတွင် မည်သည့်အချိန်၌ ဤတံဆိပ်ကိုဖွင့်သနည်း? ဆိုသည့်မေးခွန်းအပေါ် အင်မတန်ခြားနားစွာ ပြောကြသည်ကို တွေ့ရပါသည်။ အချို့က ဂျေရုစလင်မြို့ပျက်ခြင်းမှစ၍ ပြင်သစ်တော်လှန်ရေးအထိ မျိုးစုံပြောကြပါသည်။

ဤအနက်ဖွင့်ခြင်း မမှန်ပါ၊ အဘယ်ကြောင့်ဆိုသော် ကျမ်းပိုဒ်ကိုယ်၌က သဘာဝစကြာဝဠာကြီးကိုသာ ရည်ညွှန်းနေသောကြောင့်ဖြစ်သည်။ ကောင်းကင်မှကြယ်များသည် သခင်ခရစ်တော်၏လက်ကျာဖက်ကို မရည်ညွှန်းပါ၊ ကြယ်များသာ ဖြစ်ကြပါသည်။ နေနှင့်လတို့သည် နိုင်ငံ့ခေါင်းဆောင်များမဟုတ်ကြပါ၊ နေနှင့်လတို့သာ ဖြစ်ပါသည်။

၂။ ထို့ကြောင့် ဆဋ္ဌမတံဆိပ်က တကယ့်အဖြစ်အပျက်ကြီးများကို ရည်ညွှန်းပါသည်။ ကြီးမားသောငလျင်ကြီးများကို ပြောနေပါသည်။ ငလျင်အမြောက်အများ လှုပ်ခဲ့ပြီးပြီဖြစ်သည်၊ ၎င်းတို့သည် ကမ္ဘာကြီး၏အဆုံးသတ်ကို ဖေါ်ပြနေကြသည်။ သို့သော် ယခုပြောနေသောငလျင်သည် အလွန်ကြီးသောငလျင်ကြီးကို ပြောခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တကမ္ဘာလုံးလှုပ်သောကြောင့်ဖြစ်သည်။ တောင်များ၊ ကျွန်းများ ရွေ့သွားကြခြင်းသည်ငလျင်၏အကျိုးသက်ရောက်မှုများဖြစ်သည်။ မည်သည့်နေရာမှ တည်တည်ငြိမ်ငြိမ် မကျန်တော့ပါ။
ကောင်းကင်တွင်လည်း ထို့အတူ ဖြစ်နေပါသည်၊ နေသည် အဝတ်ကြမ်းလို့အရောင်မွဲမွဲ ဖြစ်သွားသည်၊ အလင်းတော့ ရှိသေးသည် သို့သော် စိတ်ပျက်စရာအရောင်ဖြစ်သည်။ လသည်လည်း အသွေးကဲ့သို့ ထူးဆန်းသောအရောင်ကို ပေးနေသည်။ ကြယ်များသည်လဲ သဖန်းသီးအချိန်မတိုင်ဘဲ လေပြင်းတိုက်သဖြင့် ကြွေကျသကဲ့သို့ ကြွေကျလာကြသည်။ ပုံမှန်ကြွေကျသောကြယ်များကို ပြောနေခြင်းမဟုတ်ပါ၊ စကြာဝဠာကြီးတခုလုံး တုန်လှုပ်နေခြင်းကို ပြောနေပါသည်။ ကောင်းကင်မှ ရှိသမျှကြယ်တာရာများ၊ ဂြိုဟ်များ၊ နဂါးငွေ့တန်းများ အားလုံး ပျက်ဆီးကြခြင်းကိုပြောနေပါသည်။ ကောင်းကင်ကို အဝတ်လိပ်သကဲ့သို့ လိပ်ပစ်လိုက်သည်၊ ထိုနေရာတွင် ကြယ်များကို မိမိတို့ပတ်လမ်းများအတိုင်း သွားလာနိုင်ကြဖို့ ထားထားသဖြင့် ထိုအရာမရှိတော့သောအခါ ရှိသမျှကြယ်များ ကြွေကျလာကြသည်။

၃။ ရလဒ်မှာ စကြာဝဠာကြီးတခုလုံး အံ့သြတုန်လှုပ်ခြင်းဖြစ်သည်။ တကမ္ဘာလုံး ရှိသမျှလူမျိုးအဆင့်အတန်းခုံ ကြောက်ရွံ့ကြခြင်းကို ပြောနေပါသည်၊ ရှင်ဘုရင်များ – ကမ္ဘာ့နိုင်ငံခေါင်းဆောင်များအားလုံး၊ ကြီးကျယ်သူများ – လွှမ်းမိုးနိုင်သူများ၊ စစ်သူကြီးများ – စစ်ခေါင်းဆောင်များ၊ ချမ်းသာသူ၊ ခွမ်းအားကြီးသူ၊ စသည်တို့ပါဝင်ကြသည်။ ထို့အပြင် သာမန်လူတန်းစားများကိုလည်း ဆက်ပြောပါသည်၊ ကျွန်များ၊ လူလွတ်များ အပေါင်းတို့သည်ဆိုသည်မှာ သာမန်လူတန်းစားများကိုပြောခြင်းဖြစ်သည်။
အားလုံးကြောက်ရွံ့အံ့အားသင့်လျှက် ရှိနေကြသည်။ ထို့ကြောင့် ပုန်းရှောင်ဖို့ နေရာရှာကြသည်။ တောင်များနှင့် ကျောက်ဆောင်များက သူတို့ကို ဖို့သတ်ကြဖို့ လှမ်းခေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ပလ္လင်ပေါ်ထိုင်နေသူ၏ ကြောက်မက်ဖွယ်မျက်နှာတော်ကြောင့်ဖြစ်သည်။ ဘုရားသခင့်အမျက်ဒေါသနေ့ရောက်ပြီဖြစ်ကြောင်း အားလုံးကသိကြလေပြီ။ နောက်ဆုံးတရားစီရင်ရာနေ့၊ မည်သူမျှ ခံမရပ်နိုင်သောနေ့၊ ဘုရားသခင့်တရားစီရင်ရာနေ့ ရောက်လေပြီ၊ သူတို့က မိမိတို့အပြစ်နှင့်တရားစီရင်ခြင်းခံထိုက်သောနေထိုင်ပုံများကို သိနေကြပါသည်။
ဤနေရာတွင် တွေ့နေရသော ဗျာဒိတ်က အဖြစ်အပျက်သည် တဖြေးဖြေးခြင်းအချိန်ယူ၍ဖြစ်သည်၊ ထို့ကြောင့် မယုံကြည်သူတို့၏ ကြောက်ရွံ့တုန်လှုပ်အံ့အားသင့်ခြင်းသည် တဖြေးဖြေး သူတို့၏နှလုံးသားများထဲ ရောက်သွားကြသည်ဟု ပြောနေခြင်းဖြစ်သည်။
+++ ယုံကြည်သူတို့ကို ဤနေရာတွင် မတွေ့ရပါ၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင့်ထံရောက်နေကြပြီဖြစ်သည်။ သခင်ဘုရား၏နေ့ရက်ကြီးသည် အမျက်တော်နေ့ရက်သာဖြစ်သည်။ ဤအဖြစ်အပျက်များ စတင်ချိန်ထိတော့ ရှိကြပါသေးသည်(လုကာ ၂၁း၂၈)၊ သို့သော် တကယ့်အဖြစ်အပျက်ရောက်လာသောအခါမရှိကြတော့၊ ဘုရားသခင့်စီရောက်ကြပြီဖြစ်သည်၊ ထိုအဖြစ်များ စတင်သည်နှင့် သူတို့၏ကယ်တင်ခြင်းနေ့ရက်သည် နီးနေပြီဖြစ်ခြင်းကို သိကြပါသည်။

××××××××××××××××××××××××××××××××

ဟောဖြဲ ၃း၇–၁၃ (ဂျိန်းဘုရင်မှ)
၇ – ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်က ပြောသကဲ့သို့၊ ယနေ့တွင် သင်တို့သည် သူ၏အသံကိုကြားသည်ဖြစ်လျှင်၊
၈ – အမျက်ဒေါသကိုထွက်စေသည့်အနေဖြင့် သင်တို့နှလုံးသားများကို မမာကျောစေကြပါနှင့်။ သဲကန္တာရအတွင်း စုံစမ်းနှောက်ယှက်ချိန်ကကဲ့သို့ မဖြစ်ကြပါနှင့်။
၉ – သင်တို့၏အဖများသည် ငါ့ကို စုံစမ်းခဲ့ကြသည်၊ စမ်းကြည့်ခဲ့ကြသည်၊ ငါ၏အလုပ်များကို နှစ်ပေါင်းလေးဆယ်တွေ့ခဲ့ကြသည်။

၁၀ – ထို့ကြောင့် ငါသည် ထိုမျိုးနွယ်ဆက်ကို စိတ်ဆိုးလှသဖြင့်၊ သူတို့သည် နှလုံးသားများထဲ၌ အမြဲတမ်း မှားကြသည်၊ ငါ၏လမ်းများကို မသိကြဟု ပြောခဲ့ရသည်။
၁၁ – ထို့ကြောင့် သူတို့သည် ငါ၏အနားယူခြင်းထဲသို့ မဝင်ကြရဟု ငါသည် ဒေါသထွက်စွာ ကျိန်ဆိုခဲ့သည်။
၁၂ – ညီအကိုတို့ သတိထားကြပါ၊ မဟုတ်လျှင် သင်တို့တယောက်ယောက်၌ မယုံကြည်ခြင်း၏ ဆိုးညစ်သော နှလုံးသား ရှိလျှက်၊ အသက်ရှင်သောဘုရားသခင်ထံမှ သွေဖည်သွားမည်စိုးရပါသည်။
၁၃ – သို့သော် သင်တို့သည် တယောက်နှင့်တယောက် နေ့စဉ် တိုက်တွန်းနှိုးဆော်ကြပါ၊ ယနေ့ဟုခေါ် သေးချိန်ရှိနေသ၍ ပြုကြပါ၊ မဟုတ်လျှင် သင်တို့ထဲမှ တယောက်ယောက်သည် အပြစ်၏လိမ်လည်ကောက်ကျစ်ခြင်းကြောင့် ခက်ထန်စိုင်မာခြင်းသို့ ရောက်ကြမည်စိုးရပါသည်။